
ဝန်ဂရင်း
Read on the move
သျှင်မ
အနီရောင်ရင့်ရင့်ကောင်းကင်

# အခန်း (၁)

"နာမည်ပြန်ပြောစမ်း"

"မေ့"

သိပ်ကောင်းတဲ့ နာမည်ပဲ တစ်သက်လုံး မေ့ပစ်လိုက်ရင် ပြီးတာပဲမဟုတ်လား။

"ဟွန်း"

သိပြီးသားကို ထပ်မေးတာမို့ အဆင်သင့် မဲ့ဖို့ ပြင်ထားသည့် နှုတ်ခမ်းတို့ က အချိုးကျ တွန့်ကျသွားသည် ။ ရည်ရွယ်ချက်က မေ့ ဆိုတဲ့ ကောင်မလေး မြင်စေချင်တာ ဖြစ်သည် ။ ထိုမဲ့ပြုံး တစ်ချက်ဟာ သူမ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အားလုံးအတွက် မှန်တစ်ချပ်၊ သူမ၏ အတိတ်သည် မာယာစံအိမ်နှင့် မသက်ဆိုင်။

ပစ္စုပ္ပန်မှာ လည်း သူမကို မာယာစံအိမ်က မလိုလား။ ဘယ်သောအခါမှ မာယာစံအိမ်နှင့် ပတ်သက်၍ ခံစားခွင့်ရှိမှာ မဟုတ်သော သူမ၏ အနာဂတ်။ အားလုံးသော အခြေအနေ အရပ်ရပ်အား သူမမျက်နှာ တစ်ချက်မော့ကြည့် လိုက်တာနှင့် ရှင်းလင်း သွားလိမ့်မည်။

သို့သော် အထင်မြင်သေး ရွံ့ရှာစွာ တွန့်မဲ့၍ စီးမိုးကြည့်နေသော ဒေါ်မာယာထက်၏ မျက်နှာဆီသို့ မေ့ ဆိုသော သူမလေးက မော့ကြည့် မလာခဲ့ပါ။ ဒေါ်မေဇင်၊ ဒေါ်မာလာဆက်၊ ပြီးတော့ ဒေါ်မာယာထက်တို့ သုံး

ယောက် ထိုင်နေသော ရှေ့မှာ ပုဆစ်တုပ် ပိပိလေး ထိုင်နေသည် ။

လက်ဝါးနှစ်ဖက်ကို ပူးယှက်ဆုပ်ကာ ခေါင်းငုံ့ထားတာ မဟုတ်ဘဲ၊ မျက်တောင်လေးတွေ စင်းချထား၏။ ကြမ်းပြင်မို့ တင်သား ပြည့်ပြည့်လေးတွေ ကြားမှာ ခြေဖဝါးလေး နှစ်ဖက်ခံ နေသေးတာတောင် ကျစ်ဆံမြီး နှစ်ဖက်၏ အဖျားတို့ က ကြမ်းပြင်ထက်မှာ ထောက်၍ ညွတ်နေသေး သည် ။

ဒေါ်မာယာထက်၏ မျက်လုံးတွေ မီးတောက်မတတ် စူးရှပြင်းထန်နေတာကို မြင်နေရသည့် ဒေါ်မေဇင်က သမီးကြီးကို လှမ်းကြည့်သည် ။

ဒေါ်မာလာဆက်က ညီမဖြစ်သူကို ငေးရင်း ပင့်သက်ရှိုက်၏။ စိတ်ဆင်းရဲသွားသူက ဒေါ်မေဇင်ပဲဖြစ်သည် ။

မာလာဆက်နဲ့ မာယာထက် သမီးနှစ်ယောက်ကို မွေးထားခဲ့သည် ။ သမီးကြီး မာလာက အနေအေး သလောက် သမီးငယ်မာယာက စိတ်မြန်လက်မြန် သူတို့ လေးတွေ ဟိုးငယ်စဉ် ကတော့ 'မာယာနော် သမီး ကိုယ်ဖြစ် ကိုယ်ခံပဲ" ဟု သတိတွေ ခဏခဏပေးခဲ့ ဆုံးမခဲ့သည် ။

တကယ်တမ်း ဖြစ်လာတော့ ကိုယ်ဖြစ်ကိုယ်ခံ မဟုတ်ခဲ့ပါ။ သူမ ထင်ရာလုပ်လို့ ဖြစ်ချင်တာ ဖြစ်လာသမျှ သမီးကြီးနဲ့ သူမပဲ ခံနေရသည် ။ ခုလည်း ကိုယ့်မြေးလေးရယ်လို့ ဖြုန်းခနဲ ရောက်ချလာလို့ ဝမ်းသာ လိုက်ရတာ နာရီပိုင်းပဲ ရှိသေးသည် ။

"ဘာမြေးလဲမေမေ မြေးမရှိဘူး မေမေ့မှာ မြေးမဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး မြေးပဲရှိတယ် အဲဒါမိုင်းနဲ့ မောင်ပဲ"

ကလေး ရောက်လာလို့ လက်ခံထား လိုက်တာကို နောက်မှ သိပြီး မာယာ အော်ကြီးဟစ်ကျယ် ထဖြစ်သည် ။

"ဒီလိုပြောလို့ ရမလား မာယာ ဒီမိန်းကလေးက မာယာစံအိမ်ရဲ့ တစ်ဦးတည်းသော မျိုးဆက်သွေး"

"လုံးဝ မဟုတ်ဘူး ခုချက်ချင်း ပြန်လွှတ်ပေး အဲဒီကလေးကို မာယာ မမြင်ချင်ဘူး အခု ဘယ်မှာ လဲ အဲဒီဟာ"

ဒေါ်မာယာ ခါးခါးသီးသီး ဖြစ်နေခဲ့သဖြင့် အတိုက်အခံတွေ ဖြစ်လိုက်ရတာ တစ်နေကုန်။ နောက်ဆုံး ...

"ဒီမိန်းကလေးကို ပြန်လွှတ်ရင် ငါတို့ လည်း ဒီမှာ မနေတော့ဘူး"

လို့ ပြောလိုက်တော့မှ ငြိမ်သက်သွားခဲ့တာ ဖြစ်သည် ။

"ဒါပေမဲ့ သူ့ကို လက်ခံလိုက်တာ မေမေတို့ သဘော မာယာက မာယာ့ရင်သွေးဆိုပြီး လက်ခံလိုက်တာ မဟုတ်ဘူး ။ အဲဒါ သူသိရမယ် ဟောဒီ မာယာစံအိမ်မှာ သူဘယ်တော့မှ အရှင်သခင် ဖြစ်လာမှာ မဟုတ်ဘူး ။ ဒါလည်း နားလည်ရမယ် အဓိကက သူဟာ မိုးရေဆိုတဲ့ လူယုတ်မာရဲ့ မျိုးဆက်၊ မာယာထက်ရဲ့ ရင်သွေး မဟုတ်ဘူး "

ဒေါ်မာယာထက် ပြောလည်း ပြောရက်လွန်းပါ၏။ သူမ၏ စကားများကြောင့် ဘွားအေ တော်သူမှာ လည်း တအံ့တသြ။ အဒေါ်ဖြစ်သူခမျာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ရှာသည် ။

"ဒီစံအိမ်ရဲ့ အမွေဆက်ခံခွင့် အားလုံးကို မောင်နဲ့ မိုင်းပဲ ခံစားရမှာ သူမျှော်လင့်ခွင့် မရှိဘူး သူ့ကိုယ်သူ ဒီစံအိမ်မှာ အလုပ်သမားလို့ သဘောထားရင်ရပြီ" တဲ့ ။

ကိုယ်မွေးထားတဲ့ ရင်သွေးကို ပြောရက်လိုက်တာ။ ကိုယ့်သမီးကို မယုံနိုင်စွာ ကြည့်၍ ဒေါ်မေဇင် သက်ပြင်းမချနိုင်၊ ပြန်ကြည့် လိုက်တော့ ဖူးဖူးစင်အောင် လှနေသည့် မြေးမလေးခမျာ သနားစရာပါ။

ပိတောက် ခြောက်ရောင် ရုပ်လက်တိုပွပွ ထမီအဝါပွင့်လေးနှင့် အားလုံးရှေ့မှာ ထိုင်ပြီးသည့် အချိန်မှ စ၍ တုတ်တုတ်မှ ပင် မလှုပ်ရဲရှာ။

"ဟွန်း"

မိခင်နဲ့ အစ်မ၏ မျက်လုံးတွေကို တစ်ချက်ဝေ့ ကြည့်ပြီး ဒေါ်မာယာထက်က ဒုတိယမွှိ မဲ့လေသည် ။ မေမေနဲ့ မမ ဒီကောင်မလေးကို ဘယ်လောက်ထိ သနားကြင်နာနေသလဲ ဆိုတာ သိသည် ။ သူတို့ အမြင်မှာ သနားစရာလေးလို့ ထင်စရာရှိသည် ပဲ။

ဒါပေမဲ့ မေးတာကိုဖြေပြီး နည်းနည်းလေးမှ မော့မကြည့်ခဲ့သော နှုတ်ခမ်းတို့ ကို စီးမိုးကြည့်ရင်း သူမ နားလည်ခဲ့သည် ။ မိုးရေဆိုသည့် ယောက်ျား၏ သမီး။ မိုးရေလိုပဲ မာနရှိသည် ။ နောက်ထပ် မိုးရေလိုပဲ ယုတ်မာတတ်သည့် အကျင့်တွေ သန္ဓေတွယ်လာမှာ ပဲ ဆိုတာလည်း သေချာ၏။

ထိုင်နေပုံက ကြောက်ကြောက်လန့်လန့် နေစရာမရှိအောင် ရိုကျိုးနေတာမျိုး မဟုတ်၊ ဒေါ်မာယာထက်ဆိုတဲ့ မိန်းမကြီး ဘာပြောပြော ရင်ထဲ မထည့်ဘဲ သူမ ခံယူထားသည့် အတိုင်းပဲ အတည်အတံ့ ဖြစ်နေစေရမည် ဆိုသော မာနမျက်နှာ။

ဘယ်လိုကြည့်ကြည့် ဘာတွေပြောပြော ဂရုမစိုက်ဖို့ ဆုံးဖြတ်ပြီး မာမာတောင့်တောင့်လေး ကျောက်ချထိုင်နေတာ သနားစရာလေး။ ရင်ထဲမှာ အစုလိုက်အခဲလိုက် ပုံထပ်နေခဲ့သော နာကြည်းမှုများက ပိုတိုးသွားသည် ။ ကိုယ်က သိစေချင်လို့ တမင်စလိုက်တဲ့ သူ။

သူမက သိလည်း မထူးဘူးဆိုတဲ့ ပုံစံကို အသံတိတ် ပစ်ခွင်း၍ တုံ့ပြန်သွားသည် ။ ဘယ်သူမှ မသိလိုက်သော ရှုံးနိမ့်မှု တစ်ခုကို မလိုချင်ဘဲ ရယူလိုက်ရသော ရင်ထဲ၌ ပို၍ နင့်သည်းသွားခဲ့၏။

နောက်ထပ် စကားပြောဖို့ ကို နောက်ဆုံး ထွက်သက် တစ်ရှိုက်လို ခက်ခဲပင်ပန်းစွာ ကြိုးစား စုစည်းနေရသည် ။

"ဒီကို ဘယ်သူ လွှတ်လိုက်တာလဲ"

ကြာမြင့်စွာ တိတ်ဆိတ် ခြောက်သွေ့ သွားခဲ့ခြင်းကို ငြိမ်သက်စွာ စောင့်ဆိုင်း နားစွင့်နေခဲ့သော သူမသည် နောက်ထပ် မေးခွန်းတစ်ခုကြောင့် မျက်တောင်ရှည်တို့ သိမ့်ခနဲ လှုပ်ခတ်သွားတာပဲ ရှိသည် ။ စောစောက ဖြေခဲ့သလို မော့မကြည့်ဘဲ ...

"မေ့ဘာသာ ထွက်လာတာပါ ဖေဖေလည်း ဆုံးပြီဆိုတော့"

"မာယာစံအိမ်ကို သွားဆိုပြီး လက်ညှိုး ထိုးလိုက်တာ မို့လား"

"မေ့ဘာသာ လာတာပါ"

မယုံကြည်သည့် ဒေါ်မာယာ နှုတ်ခမ်းမှာ မဲ့ပြုံးများ ပဲ စွန်းထင်း နေခဲ့လျက် ...

"ငါ့အမေရှိတာပဲ ဆိုပြီး ခေါင်းမော့ လာခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"တိတ်စမ်း"

ဒေါ်မာယာထက်က ဆိုဖာလက်တင် နှစ်ဖက်ကို လက်နှစ်ဖက်စုံ ရိုက်ကာ မတ်ခနဲ ဖြစ်သွား၏။ ဒေါသကြောင့် ဘယ်လိုမှ မျိုသိပ် မရတော့ဘဲ ထရပ်မိတော့မတတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည် ။

"သမီး"

"မာယာ"

သံပြိုင်ထွက်လာကြသည့် အမေနဲ့ အစ်မကိုပါ ဒေါသမကင်းစွာ လှည့်ကြည့်ကာ

"မကြားဘူးလား မမ ဒီလောက် ဖိနှိပ်ပြော နေတာတောင် သင်းက မာကျောနေတာ ဟော့ မင်းဒီမှာ အမွေတွေရမှာ ပဲ လို့ ကော စိတ်ကူးတွေ ယဉ်မလာခဲ့ဘူးလား"

"မယဉ်ပါဘူး မေ့ လိုချင်တာက တစ်ခုတည်းပါ"

"မရဘူး မင်းလိုချင်တာ မာယာစံအိမ်က ဘာမှ ရမှာ မဟုတ်ဘူး ဒီမှာ ခိုကပ်နေခွင့် လိုချင်သေးတယ်ဆိုရင် မင်းကပဲ ပေးဆပ်ရမှာ ခိုင်းသမျှ လုပ်ရမယ် ကျွေးတာစား ထားသလို မင်းကိုယ်မင်း မိဘမဲ့ ခိုကိုးရာမဲ့ တစ်ယောက်လို"

"မာယာ"

ဘယ်လိုမှ နားမထောင် နိုင်တော့ဘဲ ဒေါ်မာလာ ဝင်ပါလာ၏။

"ဒီလောက်ထိ ပြောနေဖို့ မလိုဘူးမာယာ ညီမလေး ဆိုလိုတာကို သူနားလည်နေပြီ တော်ပါတော့ ကလေးသွားတော့"

မေ့ကိုပါ လှည့်ပြောလိုက်တော့ မေ့မျက်နှာ မမော့ဘဲ လက်ဖျားလေး နှစ်ဖက်ထောက်၍ ထရပ်လိုက်သည် ။ နောက်ကို ခြေနှစ်လှမ်း ဆုတ်လိုက်ပြီးမှ လှည့်ထွက် သွားလေသည် ။

"တောက်"

ဒေါ်မာယာ တက်ခေါက်သည် ။ မျက်လုံး တစ်ဖက်တည်းမှာ မျက်ရည်တွေ ပြည့်တက်လာ၏။ မငိုတတ်ခဲ့သော ထိုမျက်ဝန်းတို့ သည် မျက်ရည်ကျဖို့ အထိ ဖြစ်ခဲ့ရင်တောင် တစ်ဖက်တည်းကပ် ဝမ်းနည်းတတ်တဲ့ သူ။

"ချာတိတ်မ နင့်မျက်လုံး တစ်ဖက်က သစ္စာကြီးတယ်နော်"

ငယ်ငယ်တုန်းကဆို အကြီးဖြစ်သည့် မာလာဆက်က ဤသို့ မြင်ရ တတ်တိုင်း ချစ်စနိုး စခဲ့ဖူး၏။ မိုးရေဆိုသော ယောကျ်ား ယုတ်မာခဲ့စဉ် ကလည်း မျက်ရည်သည် မျက်ဝန်း တစ်ဖက်တည်းကပ် ပြိုဆင်းသွားခဲ့ သည် ။

"သစ္စာကြီးတာ မဟုတ်ဘူး အဲဒါ မာနကြီးတာ"

ဟု မေမေကပြောလျှင် မာလာဆက်က ဇာတ်ပို့ လုပ်သေးသည် ။

"ဒါတင်မကဘူး မေမေ့သမီးက အသည်းကိုမာတာ မေမေ ခရီးဝေး သွားတိုင်း သူဘယ်တော့မှ မငိုတာကြည့်ပါလား မာလာ့မှာ သာ မေမေ က ပြန်မလာမချင်း ညရောက်တိုင်းငို မိုးလင်းလည်း ငို"

အိမ်မှာ မာယာထက်က အဲဒီလောက်ထိ နာမည်ကြီးသည် ။ ကျောခို င်း ထွက်ခွာသွားသော ညီမဖြစ်သူကို လိုက်မော့ကြည့်ရင်း မာလာ စိတ် ညစ် လက်ညစ်နှင့် နဖူးကိုပဲ ပွတ်နေမိသည် ။ ဒေါ်မေဇင်က သမီးတွေ ဖြစ်နေတာကိုပဲ ထိုင်ကြည့်နေတော့သည် ။

တကယ်တော့ သားသမီးလေးတွေ ရှိနေလို့ သာ ဒေါ်တပ်ခေါ် ရပေမဲ့ နှစ်ယောက်လုံး အရွယ်တင်နုပျို နေဆဲပါ။ မာလာဆက်ကလည်း အပျိုကြီးမို့ နုပျိုသည် ။ မာယာထက် ကျတော့လည်း နဂိုကောက်ဆံပင် တို့ ကို အရှည်ထားတာ မဟုတ်ပေ။ ပခုံးအောက်သာသာကို အမြဲတမ်း ဒီတိုင်းချထားကာ ဘီးကုတ်တွေ ဆံညှပ်တွေ အမျိုးမျိုး သုံးပြီး မရိုးအော င် ပြင်သည် ။

မိတ်ကပ် နှုတ်ခမ်းနီက ငယ်တုန်း ကတည်းက မျက်နှာပေါ်က မချခဲ့ တာ ခုဆိုပိုဆိုးသည် ။ သမီးတစ်ယောက် ရှိခဲ့ဖူးသည့် တစ်ခုလပ် ဆိုပေ

မဲ့ အပျိုကြီးမမထက် မာယာက ပိုလှသည် ။ အလှအပများက အရွယ်တင်နုပျို နေဆဲဖြစ်သလို ဒေါသမာနတွေ ကလည်း နည်းနည်းမှ မလျော့သေး ပါလားဟု တွေးမိကာ ခေါင်းယမ်း မိလေသည် ။

"မေမေ"

"ဟင်"

"ဘယ်လိုလုပ်ကြမလဲ"

နောက်ထပ် ခေါင်းယမ်းမိတော့ နားမှာ ပန်ထားသည့် စိန်ပွင့်ကြီးက ပြိုးပြက် လက်သွားပြန်သည် ။

"ကလေး သနားပါတယ် ကိုယ်မွေးထားတာလေးကို ပြောရက် လိုက်တာများ အံ့ရောပဲ"

"ဟုတ်တော့ ဟုတ်တယ် ဒါပေမဲ့ သူလည်း နာကြည်းခဲ့တာကိုး ဘဝပျက်ရုံတင် မကဘူး အရှက်နဲ့ သိက္ခာပါ ပျက်ခဲ့ရတာ"

"ဒါလည်း ဒါပေါ့မေမေ ကြာလည်း ကြာခဲ့ပါပြီ ပြီးတော့ မိုးရေက မိုးရေ မေ့က မေ့ပဲ မဟုတ်ဘူး လား"

"ဩော် မိုးရေရဲ့ သမီးပဲဟာ"

"သူကိုယ်တိုင် လွယ်ခဲ့ရတာပဲ မေမေရယ် မိုးရေက မွေးလို့ ရတာမှ မဟုတ်တာ"

ဒေါ်မေဇင်က အဖက်ဖက်ကို တွေး၍ သက်ပြင်း တချချ ဖြစ်နေခဲ့သည် ။ ဟိုတုန်းက မိုးရေလို ကောင်မျိုးနဲ့ ဘယ်လိုမှ သဘောမတူနိုင်လို့ သူမကိုယ်တိုင် မရမက လိုက်ခွဲခဲ့သည် ။ ရုပ်ချောတာလေး တစ်ခုပဲ ပိုင်သည့် စားသောက်ဆိုင်က သီချင်းသည် ဆိုတာကို သမီးလေးနဲ့ ဘယ်လို

ကြည်ဖြူရမလဲ။

ဒီသမီးလေး နှစ်ယောက်ဟာ ငယ်ငယ်ကတည်းက အဖမဲ့လေးတွေမို့ အလိုလိုက် ယုယပြီး ချစ်ခဲ့ရတာ။ မာယာကိုဆို ပိုဆိုးလို့ ပိုချစ်သည် ။ ဒီခြံကြီးနဲ့ တိုက်ကြီးကို ဝယ်စဥ်ကာလက သမီးတို့ ဖေဖေ ရှိသေးသည် ။

ပန်းနုရောင် လွှမ်းနေသော နှစ်ထပ်တိုက်ကြီးက ခိုပြာရောင် အနက်ရောသည့် မှန်ချပ်ကြီးတွေနှင့် ရှုမငြီးအောင်လှသည် ။ ပြောင်းဖြစ်တယ်ဆိုရင်ပဲ နဂိုနာမည် နှင်းဆီဂေဟာ ဆိုတာကို မာလာမြိုင်ဟု ပြောင်းခဲ့သည် ။ ခြံထဲမှာ နှင်းဆီရောင်စုံတွေချည်း ပြည့်နေကာ သမီးကြီးကလည်း မာလာဆက်မို့လို့ မာလာမြိုင် နာမည်ကို ရွေးခဲ့ကြ၏။

"ဟင့်အင်း မာယာ့နာမည်လည်း ထည့်ပေး မာယာကျတော့ မပါဘူး"

ဂါဝန်လေး လွင့်ခါနေအောင် ပြေးခါ ခြေဆောင့်၍ မာယာထက်က ဂျီကျတော့သည် ။ နာမည်ကို ခြံဝမှာ လည်း ထွင်းထုပြီးပြီ၊ ဆိုင်းဘုတ်သတ်သတ်တပ် ထားတာလည်း ရနေပြီမို့ မတတ်နိုင်တော့ဘဲ မာလာမြိုင်ပဲ ထားခဲ့လိုက်တာ ငါးရက်မြောက်မှာ မာယာထက် အပြင်းဖျားလေသည် ။

သိပ်တော့ မသက်ဆိုင်ပေမဲ့ ဒီအစွဲကြောင့် ဖျားလားဆိုပြီး သူ့အဖေကိုယ်တိုင် နာမည်ကို ပြန်ပြောင်းခဲ့ခြင်း ဖြစ်သည် ။ မာယာဆိုတာ ကျတော့ မြိုင်နဲ့ ကပ်မှ ည့်လို့ မကောင်းတာမို့ မာယာစံအိမ် ဖြစ်သွားခဲ့သည် ။

နောက်နေ့မှာ မာယာ နေကောင်း သွားလေသည် ။ သို့သော် နောက်တစ်နှစ်မှာ ခင်ပွန်းဖြစ်သူကို ဆုံးရှုံး လိုက်ရပြန်သည် ။ စီးပွားရေးအားဖြင့် ကျဆင်းခဲ့သည် မရှိပေမဲ့ မာယာစံအိမ်ဟာ စိတ်ချမ်းမြေ့မှုကို မပေးခဲ့ဘူးတာတော့ သေချာပါ၏။

သမီးနှစ်ယောက် အပျိုရွယ်တွေ ဖြစ်လာတော့ကြည့်၊ မာယာက ဂျစ်ကန်ကန် ပြန်မပြော နားမထောင်။ လွတ်လပ်တာကို သဘောကျသည် ။ သူမ အတွက်မှာ ကြောက်လန့်တာ ဆင်ခြင်စရာ ဘာမှ မရှိတဲ့ အတိုင်းပါပဲ။

ဒီယောက်ျားမယူနဲ့ ဆိုယူသည် ၊ ဒီကလေး မမွေးနဲ့ ဆို မွေးမည့်သူ၊ ခုတော့ တားဆီးခဲ့တုန်းက ဖွတ်လုပ်သည် ။ ဒါလုပ်ပါ ဆိုတော့"ဟင့်အင်း" ကလေးမွေးပြီး "အဲဒီကလေး ဟိုလူယုတ်မာကို သွားပေးလိုက်ပါ ခုပေးလိုက်" ဟု အာခေါင်ခြစ် အော်တာ မီးနေသည် နှင့်မတူ။

သွေးနုသားနုနဲ့ မို့ သူမ အလိုလိုက်ပြီး သွားပေးခဲ့ရသည် ။ အဲဒီကတည်းက မိုးရေဆိုသည့်လူ ကလေးနဲ့ အတူ ပျောက်သွား လိုက်တာ ခုချိန်ထိပဲ ဖြစ်သည် ။ ဘာပဲဖြစ်ဖြစ် သွေးကသွေးပဲ မဟုတ်ဘူး လား။ မိုးရေယုတ်မာတာ မယုတ်မာတာက သတ်သတ်။ သူနဲ့ ရခဲ့ပေမဲ့ ကိုယ့်သမီး ကိုယ်တိုင် လွယ်မွေးခဲ့တဲ့ ရင်သွေးလေး။ မာယာစံအိမ်မှာ ဘယ်မှာ လဲ မျိုးဆက်သစ်။

"မေမေပဲစဉ်းစားကြည့်"

ေးဝိုင်နေမိစဉ် မာလာက စကားစလာတော့ ဆတ်ခနဲ ဖြစ်သွားမိ၏ ။

"မာယာစံအိမ်မှာ မျိုးဆက် ထွန်းကားဖို့ ဘယ်သူ ရှိသေးလို့ လည်း မာလာ့မှာ လည်း အိမ်ထောင်မရှိဘူး သူ့ကိုနောက်ထပ်အိမ်ထောင်ချပေးတော့ကော သူယူခဲ့လို့ လား မိုင်းနဲ့ မောင်က သူမွေးထားတာမှ မဟုတ်တာ မေမေရဲ့ အမွေစား အမွေခံဆိုတာ ကိုယ့်မှာ သားသမီးအရင်း မရှိရင် တော့ ဟုတ်တာပေ့ါ"

"အဲဒါတွေ မပြောနဲ့ ခုချိန်မှာ သူလက်ခံမှာ မဟုတ်ဘူး ကလေး နှစ်ယောက်ကို အမွေစားအမွေခံ မွေးစားမယ်ဆိုတာ စာချုပ်စာတမ်း မရှိသေးပေမဲ့ မိသားစုထဲမှာ က သေချာနေခဲ့တာ"

"ဒါကတော့ မိုးရေ ပျောက်သွားပုံက လုံးဝကို ပေါ်မလာတာလေ သတင်းအစအန လုံးဝ ပြန်မလာဘဲ ဒီလောက်နှစ်တွေ အကြာကြီး ပျောက်သွားတာ သေကုန်ကြပြီလား ဘယ်တော့မှ မလာတော့ဘူးလား ဘယ်သူသိနိုင်မှာ လဲ ဒီကိစ္စ သေးသေးမွှားမွှား မဟုတ်ဘူး နော် မေမေတော်ကြာ မေမေ့သမီးက ကလေးကို ကြည့်မရတာနဲ့ မိုင်းတို့ ကို အမွေတွေ လွှဲပေးပစ်လိုက်ရင်"

"ဒီလောက်ထိတော့ ချက်ချင်းကြီး မလုပ်လောက်ပါဘူးအေ သွေးကစကားပြောတယ်ဆိုတာ ရှိတယ်။ စောင့်ကြည့်ပါဦး မိုင်းတို့ ကလည်း လူတော် လူကောင်းလေးတွေပဲ သူက လွှဲပေးရင်တောင် သွေးသားရင်းချာ ရှိနေရက်နဲ့ လုယက်ယူမယ့် ကလေးတွေ မဟုတ်ပါဘူး"

"မိုင်းတို့ ကို မာလာလည်း ချစ်တာပဲမေမေ ကိုယ့်သွေးသား မဟုတ်ပေမဲ့ ငယ်ငယ် ကတည်းက ပြုစုစောင့်ရှောက် လာခဲ့တဲ့ ဥစ္စာ ဒါပေမဲ့"

"အေးပါ မေမေနားလည်ပါတယ် အဲဒါတွေ ခဏထား လိုက်ပါဦးကွယ် အထဲမှာ ကလေး ဘယ်လိုဖြစ်နေလဲ သွားကြည့် လိုက်ပါဦး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ အားငယ်ပြီး ပြန်သွားရင် မေမေတို့ ရင်ကျိုးရလိမ့်မယ်။ သူ့အမေရဲ့ ဒေါသတွေကို နားလည် သည်းခံဖို့ တစ်ဖက်ကနေ နားဝင်အောင် လှည့်ချော့ထား"

"မာလာသိပါတယ် မေမေ စိတ်ချပါ ကလေးဘယ်မှ မသွားစေရဘူး"

ပြောရင်း မာလာက ချက်ချင်းထရပ်သည် ။ ဒီကောင်မလေးကို"ကျွန်မ မေမေ့ သမီးပါ" လို့ ရှေ့မှာ ပြောလိုက် ကတည်းက တအံ့တသြကြီး ဖြ

စ်ခဲ့ရတာ။ "ဖေဖေက ဦးမိုးရေပါ ဆိုတော့ နောက်ထပ် ထောက်ခံချက်ဘာမှ မလိုတော့ဘဲ ချစ်တဲ့ စိတ်တွေ ရုန်းရင်း ဆန်ခတ် ထဖြစ်လာတာ သွေးက စကားပြောတာပဲ ဖြစ်မည်။ ညီမလေးနဲ့ လည်း တူသည် ။ မိုးရေနဲ့ လည်း တူလွန်းတော့ မတတ်နိုင်။ ဒါတောင် မယ်မင်းကြီးမက မုန်းနိုင်သေးသည် ။ မပြောချင်တော့ဘူး။

* * * * *

# အခန်း (၂)

"ဗိုက်ဆာပြီနော်"

နောက်က အသံကြား လိုက်ပေမဲ့ မေ့ လှည့်မကြည့်နိုင်။ ဂက်စ်မီးဖို ဘာဖြစ်သွားမှန်း မသိသောကြောင့် ခလုတ်ကနေ ဖြုတ်ချပြီး သေချာကြည့် နေမိသည် ။ တတ်သမျှ မှတ်သမျှ အရဆို ခလုတ်က မဟုတ်ဘဲ အိုးကိုပါ ဖွင့်ရတော့မလို့ ဖြစ်နေသောကြောင့် ...

"ဘာချက်လဲ"

တံခါးဝကအသံက ကျောနောက် ရောက်လာသည် ။ မေ့ကိုယ်လေး ကုန်းနေရာကနေ မတ်သွားပြီး နောက်လှည့်ကြည့် လိုက်လျှင်

"ဟ"

မျက်နှာတစ်ခုနှင့် နီးကပ်သွားခဲ့လျက် ထိုမျက်နှာသည် နောက်သို့ လန့်ထွက်သွားသည့် ကိုယ်နှင့် ရောပါသွားခဲ့ကာ ...

"လန့်လိုက်တာကွာ မျက်နှာကြီးကလည်း ဘာကြီးတုံး"

ခြေနှစ်လှမ်းခန့် နောက်ဆုတ် ရပ်လိုက်ပြီးမှ မေ့ ကို ပြူးပြဲပြန်ကြည့်သည် ။ ပြီးတော့ ခါးနှစ်ဖက် ထောက်ကာ တဟားဟား ရယ်လေသည် ။

"အမလေးကွာ ပါးကွက်ကြီး နှစ်ဖက် ပြူးပြူးပြဲပြဲနဲ့ မျက်ခုံးနှစ်ဖက်က ထူထူ မျက်လုံးက ဝိုင်းဝိုင်း ဟား ... ဟား ဇီးကွက်ကြီး ခြေထောက်

ပေါက်နေတဲ့ အတိုင်းပဲ"

မေ့ တစ်ကိုယ်လုံး ရှက်စိတ်ကြောင့် ဖျင်းခနဲ ပူထူသွား၏။ ကိုယ့်ကိုယ်ကိုယ်ယယ် လှမှာ စိုးလို့ ပဲ တမင်ဒီလို လုပ်ထားတာ မှန်သည် ။ ဒါပေမဲ့ မျက်နှာကြည့်ပြီး အခုလို ဟားတိုက် လှောင်ရယ် တာကိုတော့ မခံချင် ။

"အို ... ဟဲ့ ... မိုင်း ဘယ်တုန်းက ရောက်တာလဲ မနေ့ညနေက ပြန်ရောက်မှာ ပဲ ဆိုပြီး တစ်အိမ်လုံး မျှော်နေကြတာ"

ဒေါ်ခင်ရီ ဝင်လာတဲ့ အထိ မိုင်းဆိုသည့် တစ်ယောက် ရယ်လို့ ကောင်းတုန်း ...

"ဟား ... ဟား ... ဟား"

လက်ညှိုးထိုး၍ အတောမသတ် ရယ်လေ မေ့မျက်နှာလေး တင်းလာခဲ့လေ ...

"ဘာတွေ သဘောကျနေတာလဲ လူလေးရဲ့ သူက ဧည့်သည် မဟုတ်ဘူး နော်"

မိုင်းက သူ့လက်မောင်းကို ကိုင်၍ ရှင်းပြ မိတ်ဆက်ပေးဖို့ စကားစလိုက်သော ဒေါ်ခင်ရီလက်ကို ဖယ်ချပစ်သည် ။ မေ့မျက်နှာလေးကိုပဲ ရယ်မောကြည့်ကာ ...

"ဘယ်သူ ဖြစ်ဖြစ်ပါ အရီရဲ့ ကြည့်ပါဦး အရီ့ လူကို နှောက်က . ကျစ်ဆံမြီး ရှည်တာကြီးက ကိုးနာရီ တရုတ်သိုင်းကားထဲက ရှောင်လင် ဘုန်းကြီးခေါင်း ကျနေတာပဲ နှာခေါင်းက ချွန်ချွန် မျက်တောင်ကြီးတွေက ရှည်ပြီး မျက်နှာကျတော့ ကုလားမ"

"ဟဲ့ အို ဒီကလေး"

ဒေါ်ခင်ရီ မျက်လုံးပြူးလျက် ရှင်းပြဖို့ ဟာ ပါးစပ်ပြင်နေရင်းနဲ့ ပဲ မိုင်းက ထင်ရာတွေ ပြောနေတာ အဆက်မပြတ် ...

"သူ့ကို ဘယ်သူ ရှာလာတာလဲ အရီ မေမေ ခေါ်လာတာလား အရီ ရှာပေးတာလား ရှာလည်း ရှာတတ်တယ် တကယ်ပဲ"

"မိုင်း"

"ဗျာ"

"ဘာတွေ ပြောနေတာလဲ ခက်တော့တာပဲ"

ဒေါ်ခင်ရီက ခေါင်းကုတ်လျက် မေ့မျက်နှာလေးကို တောင်းပန်သလို ကြည့်သည် ။ ဟုတ်ပါရဲ့ မေ့ ရောက်လာတဲ့ နေ့က ဒီပုံစံမှ မဟုတ်တာ။ ကျစ်ဆံမြီးလေး နှစ်ဖက်နဲ့ ဝင်းစိုနေသော အသားရောင်ဟာ ပါးမို့လေး တွေတောင် ရဲနေသေးသည် ။

ခုကျတော့ ဆံပင်တွေ အပြောင်သိမ်း လှန်ထားတာ ပိကပ်ပြားနေသဖြင့် နဖူးနဲ့ ခေါင်းက တပြေးတည်းလို ပြောင်နေ၏။ ထူပြိန်းနေရှာသည့် ပါးကွက်ဝိုင်းကြီး နှစ်ဖက်က အောက်မျက်စပ်က မျက်တောင် တွေကိုတောင် ပေရေနေခဲ့သည့်အဖြစ်။။။

မိန်းကလေးပေမဲ့ မျက်ခုံးထဲက ထူသလောက် နက်သည် ။ တစ်ပင်ချင်း မြင်နေရအောင် ရှည်၏။ မျက်လုံး၊ မျက်တောင် အားလုံး လှလိုက်တာမှ ၊ မနေ့ကနဲ့ ဒီနေ့မှာ မေ့ပုံစံ ပြောင်းသွားတာကို ဒေါ်ခင်ရီကိုယ်တိုင် မျက်စိလည် သွားခဲ့သည် ။

"မိုင်းရယ် သူ့နာမည်က မေ့တဲ့ သူက"

"ဟား မေ့တဲ့ လား အလုပ်သမား နာမည်က ပျံလှချေလား"

"သြော် ကဲ လုပ်ပြန်ပြီ"

မေ့က မိုင်းကို တမင်တကာ စူးစိုက် ကြည့်လိုက်ပြီး ချာခနဲ ကျောခိုင်း၏။

"အံ့မယ်"

မိုင်း မျက်ခုံးနှစ်ဖက် မြင့်တက် သွားသည် ။ ဒေါ်ခင်ရီက မိုင်းလက်မောင်းကို ထပ်၍ ဆုပ်ကိုင်ကာ ...

"ဘာမှ ထပ်မပြောနဲ့ ဦး ပြောတာကို နားထောင် သူ့နာမည်က မေ့တဲ့ "

"သိပြီးပြီ"

"သိပြီးလည်း နားထောင်ကွယ် ဖြတ်မပြောပါနဲ့ ဆို"

"လူလေး ထင်သလို သူက အိမ်ဖော် မဟုတ်ဘူး "

"ဟင်"

မေ့က နောက်က မိုင်း၏ ဟင်သံကြောင့် မကျေနပ်သော နှုတ်ခမ်းတို့ ကို တွန့်မဲ့ပစ်၏။

"လူလေး မေမေ့ရဲ့ သမီးလေးပဲ တစ်နေ့ညနေက ရောက်တာ"

"ဘာ မေမေ့သမီး"

မိုင်းတကယ် အံ့သြသွား၏။ မေမေ့မှာ အိမ်ထောင် ရှိခဲ့တာကော သမီးလေး တစ်ယောက် ရှိနေတာကော အားလုံး သူသိသည် ။ ဒီစံအိမ်ကြီးကို ရောက်လာ ကတည်းက ကိုကိုကငါးနှစ်၊ သူကနှစ်နှစ် သူ့ထက် ကိုကိုက ပိုသိလိမ့်ဦးမည်။

"မေမေနဲ့ ဘွားတို့ ကို သိပ်မဆိုးနဲ့ ညီ ကိုကိုတို့ က မွေးစားသားတွေ"

ဟု မေမေ့ကို သူဂျီကျနေတာ မြင်တိုင်း ကွယ်ရာမှာ ဒီလိုပဲ သတိပေးခဲ့၏။ မွေးစားသား ဆိုတာ ဘယ်သူကမှ လည်း ဖုံးဖိကွယ်ဝှက်ခဲ့တာ မဟုတ်လို့ သိပြီးသား။ ဒါပေမဲ့ သူ့အမြင်မှာ တော့ အဖေရယ် အမေရယ်လို့ တွယ်တာတတ်သည့် အသိလေး စဝင်လာ ကတည်းက ဒီအမေ ဒီအဘွားတို့ ကိုပဲ တွယ်တာခဲ့တာ။

သူ့စိတ်ထဲမှာ မိဘရင်း ဟုတ်ဟုတ် မဟုတ်ဟုတ် သူခံယူထားသည့်အတိုင်း မေမေက မေမေပဲ ဖြစ်လေသည် ။ ဒေါ်မာယာကလည်း မောင့်ကိုကော မိုင်းကိုကော ချစ်သည် ။ သမီးလေး တစ်ယောက် ရှိသေးတယ် ဆိုတာလည်း ဘွားတို့ ကွယ်ရာမှာ ပြောနေကြလို့ သိခဲ့တာပဲဖြစ်ကာ မေမေ့ပါးစပ်က တစ်ခါမှ မပြောဘူးပါ။ ခုလိုမျိုး အိမ်ကို ရောက်လာမည့် အခြေအနေအထိ သူမသိခဲ့တာလည်း အမှန်ပင်။

"အရီ"

"ဟင်"

"ဒါဆို မေမေ့ ယောက်ျားကကော"

"ဆုံးပြီတဲ့ ကွယ်"

မိုင်းက ခေါင်းညိတ်ပြီး မေ့ပခုံးနားထိ ရောက်အောင် ရှေ့တိုးရပ်သည် ။

"သေချာလို့ လား မေမေက ဒီလောက်လှတာ"

မေးတာက ဒေါ်ခင်ရီကိုမေးတာ။ မေ့မျက်နှာလေးကို ဘေးတိုက် ကနေ လိုက်ငုံ့ကြည့်ပြီး တမင်တကာ ရန်စနေသလို ပြောနေတာမို့-

"ဒီမှာ "

"ဟ"

မေ့ ဆတ်ခနဲ မော့လိုက်တော့ တွန့်ခနဲ ပြန်ဆုတ်ပြီး မေးဆတ်ထူးသည် ။ မေ့ဘာလုပ်လုပ် လန့်ဖျပ်သွားသလို လုပ်နေတာကိုက လွန်လွန်းပါ၏။ မေ့ မလှဘူး ဆိုတာကို ပါးစပ်ကလည်း ပြောပြီးပြီ အမူအရာ တွေနဲ့လည်း ဖွဲ့နေ၏။

"ငါ့ကို လှတယ်မလှဘူး စုံစမ်း ဝေဖန်နေရအောင် ပြုတ်သုတ် စားမလို့ လား"

"ဘာလို့ စားရမှာ လဲ ရှုံ့စရာကြီး"

နှာခေါင်းပွတ်၍ မဲ့ရွဲ့ ပခုံးတွန့်သည် ။ မေ့က ခါးတစ်ဖက် ထောက်ကာ ဒေါသတွေ စုပြုံ ဖြစ်နေသမျှကို ဖွင့်ချလိုက်ဖို့ ဆုံးဖြတ်သည် ။ သို့သော် ...။

"ဟုတ်သားပဲ သမီးလေးက ပြောမှ သတိရတယ် သမီးက ကိုးလပိုင်းကြာသပတေးဆိုတော့ ခုနစ်၊ လ၊ ရက် အားလုံး သားနဲ့ အတူတူပဲ ထူးဆန်းတယ်နော် ဒီတော့ လူလေးနဲ့ သမီးလေးတို့ က မောင်နှမလည်း ဖြစ် သူငယ်ချင်းလည်း ဖြစ်ပေါ့"

"မလွယ်ဘူး ထင်တယ်"

မိုင်းက ခါးထောက်လျက်နှင့် ခြေဖျားနှစ်ဖက် ကြွခနဲ ထောက်ခုန်သည် ။

"ဘယ်သူကကော နင့်ကိုခင်ချင်နေလို့ ပဲ ဟွန်း"

မေ့ကလည်း နည်းနည်းမှ စကားတင်မခံပေ။ ဒေါ်ခင်ရီက မေ့ မျက်နှာလေးကို ကြည့်ကာ မနေ့က မေ့နဲ့ ဒီနေ့ မေ့ကို နှိုင်းယှဉ်ကြည့် နေခဲ့သည် ။

မာယာရှေ့မှာ ခေါင်းလေးငုံ့၍ ပုံ့ပုံ့လေး ထိုင်နေပေးရှာတာများ သတ်လိုကသတ် နေဆိုလည်း နေပေ့ါမယ် ဆိုတာမျိုး။ မိုင်းကိုကျတော့ ဆတ်ဆတ်ထိမခံ။ ကောင်းတယ် ဗိုလ်ချင်း တွေ့ပြီပေ့ါ။ မိုင်းကလည်း မွေးစားသား ဆိုပေမဲ့ မာယာစံအိမ်မှာ တစ်သက်လုံး ဗိုလ်စွဲလာခဲ့တာ။

မေ့ကျတော့လည်း မာယာ့သမီးလေးပဲ။ မိုင်းက မေ့ ဒေါသဖြစ်နေတာကို မချိုမချဉ်ကြည့်ပြီး အနားပြန်ကပ်သည် ။

"ဟိတ်"

မေ့က သူ့မျက်နှာသို့ မရောက်သော မျက်ဝန်းများ ဖြင့် စေ့ကြည့်သည် ။

"ကုလားမဆိုလို့ စိတ်ဆိုးသွားလား"

မေ့က ဘာမှ မပြောဘဲ ဂက်စ်မီးဖိုကို ပြန်ကိုင်သည် ။

"အိမ်ဖော်လို့ ထင်တာကော မကျေနပ်ဘူးလား"

"ဟုတ်တယ် ဘာအတွက်မှ မကျေနပ်ဘူး နင်ဘာပြန်ပေး နိုင်သလဲ"

"ဘာမှ မပေးဘူး မသိလို့ ပြောတာ ငါမှ မမှားတာ"

"မမှားဘူးထင်ရင် ပြီးတာပဲ""မေမေ့သမီးမို့လို့ အားနာသွားတာ ဆောရီး""လုံးဝမကျေနပ်ဘူး"

"ဟား ... ဟား အဲဒီအတွက်လည်း လုံးဝဆောရီးပဲ"

မိုင်းက ပခုံးနှစ်ဖက် တွန့်ပြီး လှည့်ထွက်သွား၏။ ဒေါ်ခင်ရီခများ ပြေလည် သွားကြပြီ ထင်လို့ ထမင်းစားပွဲ နားမှာ ပြင်ဆင်ဖို့ ရောက်နေကာမှ

"ခက်လိုက်တာ ဒီကလေးတွေနှယ် အမြဲတမ်း အတူနေ သွားကြရမ

ယ့် လူတွေ သင့်မြတ်အောင် နေမှ ပေ့ါ"

မိုင်းက ခုံဆွဲထိုင်ပြီး တွန့်ခနဲမဲ့သည် ။

"သား ဘာမှ မလုပ်ဘူး သူက မတည့်အောင် ပြောနေတာ"

"လူလေးကကော ထင်ရာတွေ ပြောလိုက်တာ မဟုတ်လို့ လား သူစိတ်ဆိုးမှာ ပေ့ါ လောလောဆယ် သူက စိမ်းသေးတယ်လေ သားက အိမ်ရှင်"

"သူလည်း အိမ်ရှင်ပဲ လေသံကိုက ဒီမလာခင် ကတည်းက ကောင်းကင်တက် ချိတ်လာတာ"

မိုင်းက စိတ်ထဲရှိတဲ့ အတိုင်း ပြောနေသည် ။ မေ့ကို ရန်စနေသလိုကြီးပါ။ သို့သော် မေ့က နောက်ထပ် နည်းနည်းမှ လှည့်မလာတော့ပေ။

"ဘာစားဖို့ ရှိလဲ ဗိုက်ဆာလို့ "

"ခုမှ ကိုးနာရီပဲ ရှိသေးတာ ဘယ်လိုလုပ် ကျက်ဦးမှာ လဲ လူလေးရယ် လက်ဖက်ရည် သောက်ခဲ့ပြီးပြီလား အရီပေါင်မုန့် မီးကင်ပေးမယ်"

"မီးကင်လို့ မရဘူးလေ ဘွားရီရဲ့ မီးဖိုတွေမှ မအားတာ ဂက်စ်မီးဖိုက ပျက်နေတယ် ဟင်းအိုးတွေက ခဏချထားလို့ ဖြစ်တာ တစ်အိုးမှ မရှိဘူး "

မေ့အသံလေး ထွက်လာသည် ။ မိုင်းက စားပွဲမှာ ထိုင်ရင်း သူမ၏ ကျောပြင်ကို သမင်လည်ပြန် ကြည့်သည် ။ ထမီပါတိတ် ပွင့်ကြီးတွေနှင့် ရှပ်အင်္ကျီ ပွပွကြီး ဝတ်ထားပြီး တစ်ချောင်း တည်းသော ကျောပေါ်က ကျစ်ဆံမြီးက ဒူးခေါင်းခွက် လောက်ထိ ရှည်ကျနေသည် ။

အရပ်မြင့်မြင့် ထမီတိုတိုနှင့်ပုံစံက ဘာမှန်းကိုမသိပါ။ ခြေချင်းဝတ်တစ်ဝိုက်နှင့် ဖနောင့်သားလေးတွေ ဖွေးနု ရဲတွတ်နေတာကိုလည်း မြင်ရ၏။ နောက်ကနေ ခုလိုမြင်ရတော့ နုပုံနုပန်းနှင့် မျက်နှာကြီးကို ခုနက မြင်လိုက်ရတာများ ပြူးပြူးပြဲပြဲ ဘယ်လို ပုံစံကြီးလည်း မိုင်းနေရာမှ ပြန်ထရပ်ပြီး သူမဘေးကို ရောက်သွား၏။

"မီးဖိုက ပြင်နေတာ ဘယ်တော့ ပြီးမှာ လည်း မတတ်ရင်လည်း တတ်တဲ့ လူကို ပြရတယ်ဖယ်"

ပါးစပ်က ဖယ်လို့ ပြောပြီး မိုင်းက ပခုံးချင်း တိုက်ပစ်ကာ မီးဖိုကို ဆွဲယူလိုက်၏။

"အံမာ ပြီးနေကာမှ ငါလုပ်လို့ ပြီးတယ် ဖြစ်ဦးမယ် သွား ... သွား"

မေ့က မီးဖိုကို ပြန်ဆွဲယူ၏။ မိုင်းကလည်း မလွှတ်။

"ပြီးရင်လည်း ဘာလို့ ပျက်နေတယ် ပြောလဲ မျက်နှာက ကောက်ချိတ်ချိတ်နဲ့ စိတ်က မဖြောင့်ဘူး"

"ဘာ ... ဘာပြောတယ်"

"အရီ ဒီမှာ ဟင်းအိုး လာပြောင်းပြီး ပေါင်မုန့် မီးကင်ပေး"

မိုင်းက မီးဖိုကို လွှတ်ပစ်လိုက်ပြီး မေ့ကိုနည်းနည်းမှ မကြည့်ဘဲ နောက်လှည့်အော်သည် ။ ဒေါ်ခင်ရီက တကယ်ဆို ဒေါ်မေဇင်နှင့် မတိမ်းမယိမ်း အရွယ်ပါ။ ဒါပေမဲ့ ဒေါ်မေဇင်ခေါ်သည့် အရီဆိုတာက သားသမီးမြေးတွေအထိ အရီပဲ ဖြစ်သွားခဲ့သည် ။

ကြာတော့လည်း နားထဲမှာ ရိုင်းသည် မထင်တော့ပါ ဒီလို ခေါ်တာလေးကိုပဲ အားလုံး၏ မေတ္တာတွေ ရနေသလို ဒေါ်ခင်ရီ ခံစားခဲ့ရသည် မို့ ကျေနပ်သည် ။ အားလုံးထဲမှာ မေ့ကတော့ သူမကို ဘွားရီဟု ခေါ် လေ

သည် ။

ရောက်တာနှင့် မသင့်မြတ်ကြသော မိုင်းနဲ့ မေ့ကို ဒေါ်ခင်ရီဘယ်လို စေ့စပ်ရမှန်းမသိ ဖြစ်သွားတော့သည် ။

"နေကြပါဦးကွယ် မိုင်းနဲ့ သမီးက တစ်သက်လုံး အတူတူနေကြ ရမယ့်လူတွေပါ၊ သင့်သင့်မြတ်မြတ် ပြောကြဆိုကြ"

"ဘယ်သူလဲ ဘယ်သူက တစ်သက်လုံး အတူနေမှာ လဲ လုံးဝ နိုး"

ဒေါ်ခင်ရီ စကားမဆုံးခင် မိုင်းက ကြေညာ၏။ မေ့ ဆတ်ခနဲဖြစ်သွားသည် ။

"ဟဲ မဟုတ်ဘူး တစ်အိမ်တည်း အတူတူ နေသွားကြရမှာ ကို ပြောတာ ဒုက္ခပါပဲ ပြောမှ ပိုဆိုးကုန်ပြီ"

"ဘွားရီ ပြောတာ မေ့သိတယ် နင်က ဘာထဖြစ်တာလဲ။ နင့်လိုပဲ မှတ်ထား တစ်သက်လုံး မပြောနဲ့ အခုတောင်မှ မမြင်ချင်တော့လို့ သွားမယ်"

"ကြွ"

"ဟဲ့"

မေ့က တစောင်း ရပ်လိုက်ပြီးမှ မျက်မှောင်ကုတ်လျက်နှင့် စောင်းကြည့်သည် ။ မိုင်းက နှာခေါင်း တစ်ဖက်တွန့်၍ စေ့စေ့ပြန်ကြည့်၏။ မေမေ့သမီးတဲ့ ဒီရုပ်က မာနတွေ တစ်ထောကြီး နဲ့ နေပေ့ါ ဘာလုပ်ရမှာ လဲ။ မျက်လုံးချင်း စစ်ခင်းလျက် မေ့ကလည်း အံကြိတ်၏။။

အလယ်ခွဲ ဆံပင်နားရွက် ထောက်နှင့် ခိုပြာရောင် ဘောင်းဘီပွပွရှိပြီး စပို့ရှပ် လက်ရှည် အပြာနှင့် ယောကျ်ားတန်မဲ့ ပြင်ဆ

င် ထားလိုက်တာ ရှုကြွလို့ ။ ကြိုးရှည်နှင့် လွယ်အိတ် အနက်ကို စလွယ်သိုင်း လွယ်ထားတာလည်း ထွင်တာပဲ ဖြစ်မည်။ အထင်ကြီးစရာ တစ်ကိုယ်လုံးမှာ ဘာရှိလဲ ဟွန်း။

မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်တော့ ဒီဘက်မှာ ဘွားရီကတော့ အားနာစရာပါ။ မတတ်နိုင် ဒီမျက်နှာနဲ့ ပဲ လှည့်ထွက်လာခဲ့သည် ။ သူက မိုင်းတဲ့ ။ မောင်ဆိုတာ တစ်ယောက်ကတော့ နိုင်ငံခြားမှာ စီးပွားရေး ပညာတွေ ဆည်းပူးနေသတဲ့ ဘယ်လို ထောင်ကြွ လာဦးမည်မသိ။ အခန်းထဲ ပြန်ရောက်လာတော့ မှန်ရှေ့မှာ ရပ်ကြည့်လိုက်မိ၏။ တမင်တကာ တင်ထားခဲ့သည့် ပါးကွက်ကြီး နှစ်ဖက်က ဒီတိုင်းရှိနေဆဲ ဆံပင်တွေကို အုန်းဆီရွှဲအောင် လိမ်းပြီး ပိကပ်နေအောင် စုသိမ်းပြီး ထားခဲ့တာလည်း တမင်တကာပဲ ဖြစ်သည် ။

ရည်ရွယ်တာက မေမေ မျက်မုန်းကျိုးမှာ စိုးလို့ ပါ။ ပြီးတော့ ဒီအိမ်မှာ မင်းက အလုပ်သမားပဲလို့ မေမေပြောခဲ့သည် ။ မေ့ ဒီလိုပဲ နေဖို့ စိတ်ကူးခဲ့၏။ မေ့ဘဝ ဘာပဲဖြစ်ဖြစ် မေမေ့ရှေ့မှာ မေ့ဘဝဟာ မေမေ့ သဘောကျ မေမေဖြစ်စေချင်တဲ့ အတိုင်းသာ။

ဒါဟာ မေမေနဲ့ မေ့ရဲ့ ကြားက ဆီးခံနေသော ခြားနားမှု တစ်ခုကြောင့် ဖြစ်သည် ။ ကျန်တာ အားလုံးမှာ မေ့ပေးဆပ်ဖို့ စိတ်ကူး မရှိခဲ့ပေ။ ဒီခြံကြီးထဲကို ခြေစုံပစ် ဝင်လာ ကတည်းကကိုက မေမေ့နားမှာ နေချင်လို့ ...

* * * * *